# အမျိုးသားလူဦးရေမူဝါဒ (မူကြမ်း)

၁။ မိခင်နှင့်ကလေးများ၏ ကျန်းမာရေးတိုးတက်စေရန်ရည်ရွယ်၍ အိမ်ထောင်သည်များသည် သားဆက်ခြားခြင်းနည်းကို ကျင့်သုံးလိုက လွတ်လပ်စွာကျင့်သုံးစေရန်။

၂။ သားဆက်ခြားခြင်းနှင့်ဆိုင်သော သတင်းအချက်အလက်များကို ပြည်သူများက ပညာပေးခြင်းသည် အရေးကြီးသောအချက်ဖြစ်၍ ပြည်သူများအား ကြိုတင်အသိပေးထားရန်။

၃။ မြန်မာအမျိုးသမီးများအား အမျိုးသားများနှင့် တန်းတူ အခွင့်အရေးပေးထားပြီး၊ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စေရန်။

၄။ အမျိုးသားလူဦးရေမူဝါဒပါ ရည်မှန်းချက်များကို ရရှိရန်ဦးတည်၍ ပြည်သူများသည်မျိုးပွားမှုဆိုင်ရာအပြုအမူများ၏ ရလာဒ်ကိုနားလည်သဘောပေါက်စေရန်နှင့် သက်ဆိုင်သောအမျိုးသားများ၏ အသိပညာတိုးတက်လာရေးကိုရှေးရှု ဆောင်ရွက်ရန်။

၅။ မြန်မာပြည် လူဦးရေ၏ထက်ဝက်ခန့်သည် အသက်(၁၈)နှစ်အောက် လူငယ်များဖြစ်၍ ယင်းတို့အားတိုင်းပြည်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်။

၆။ နိုင်ငံတော်အစိုးရသည် ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ပဏာမကျန်းမာရေးစောင့်ရှောက်မှုကိုအသုံးပြု၍ ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် ရောဂါမဖြစ်စေရန် ကာကွယ်ခြင်းနှင့် ကျန်းမာသော အပြုအမူများရရှိစေရေးအတွက် ပဏာမကျန်းမာရေး စောင့်ရှောက်မှုတွင် ပါဝင်သော အခြေခံအချက်အလက်များကို ဦးစားပေးဆောင်ရွက်ရန်။

၇။ ပြည်တွင်းပြည်ပ လူဦးရေရွှေ့လျားမှု၏ ရလာဒ်ကိုရှုမြင်၍ တောနယ်များတွင် လူမှုရေးအဆင့်အတန်းမြင့်မားအောင်ဆောင်ရွက်ရန်၊ မြို့နှင့် ကျေးလက်တို့ အပြန်အလှန် စီးပွားရေးဖွံ့ဖြိုးမှုရစေရန် မြို့ပြတည်ထောင်မှု မူဝါဒများကို နိုင်ငံ၏ဖွံ့ဖြိုးရေးစီမံကိန်းများအပေါ် မူတည်၍ရေးဆွဲရန်။

၈။ လူမှုစီးပွားရေးစီမံကိန်းများ ရေးဆွဲရန်အတွက် လူဦးရေဆိုင်ရာအချက်အလက်များနှင့် ဖွားသေစာရင်းဇယားများသည် အရေးကြီးကြောင်းဂရုပြုရန်။

၉။ လူဦးရေမူဝါဒပါ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာ၌ လိုအပ်ပါကတည်ဆဲ နည်းဥပဒေများကို ပြုပြင်ပြောင်းလဲသင့်က ပြုပြင်ပြောင်းလဲရန်။